# ကြားဖြတ်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဆိုင်ရာ ကနဦး တွေ့ရှိချက်များ ထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်
ဒါန-ရှေ့ဆောင်မြန်မာ၊ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်းနှင့် အောက်ချင်းလူမှုရေးအဖွဲ့တို့မှ ပူးပေါင်းထုတ်ပြန်သည်။

# မာတိကာ

(၁) နိဒါန်း ........ 2
(၂) စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ ........ 3
(၃) တွေ့ရှိချက်များ ........ 4
(၃ - ၁) ရွေးကောက်ပွဲအကြိုတွေ့ရှိချက်များ ........ 4
(၃ - ၁ - ၁) မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့်ပက်သက်၍ စောင့်ကြည့်လေ့လာခြင်း(မြို့နယ်အဆင့်) ........ 4
(၃ - ၁ - ၂) မဲစာရင်းကပ်ထားကြေညာခြင်းနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း (မဲရုံအဆင့်) ........ 4
(၃ - ၁ - ၃) မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း ........ 4
(၃ - ၁ - ၄) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား စောင့်ကြည့်လေ့လာခြင်း ........ 5
(၃ - ၁ - ၅) ကြိုတင်မဲပေးခြင်းအား စောင့်ကြည့်လေ့လာခြင်း ........ 5
(၃ - ၁ - ၆) မဲဆွယ်စည်းရုံးရပ်နားကာလ Silent Day ကို စောင့်ကြည့်လေ့လာခြင်း ........ 5
(၃ - ၂) ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာခြင်း ........ 6
(၃ - ၂ - ၁) မဲရုံဖွင့်ချိန်တွင် မဲရုံပရဂုဏ်နှင့် မဲရုံအတွင်းပြင်ဆင်မှုအား စောင့်ကြည့်လေ့လာခြင်း ........ 6
(၃ - ၂ - ၂) မဲပေးခြင်းဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း ........ 6
(၃ - ၂ - ၃) မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း ........ 7
(၃ - ၂ - ၄) တစ်နေ့တာ စောင့်ကြည့်လေ့လာမှုအပေါ် လေ့လာစောင့်ကြည့်သူ၏ ခြုံငုံ သုံးသပ်ချက်ရလဒ် .. 7
(၄) အနှစ်ချုပ် သုံးသပ်ချက် ........ 7

# ကြားဖြတ်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုဆိုင်ရာ ကနဦးတွေ့ရှိချက်များ ထုတ်ပြန်ကြေညာချက်

## (၁) နိဒါန်း

ဒါန-ရှေ့ဆောင်မြန်မာ ၊ ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း နှင့် အောက်ချင်းလူမှုအဖွဲ့အစည်း တို့သည် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဖြစ်စဉ်တွင် လူနည်းစုတိုင်းရင်းသားများပါဝင်မှု၊ မသန်စွမ်းများပါဝင်မှု၊ အမျိုးသမီးများပါဝင်မှု၊ ရွှေ့ပြောင်းအလုပ်သမားများပါဝင်မှုနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များကို မြို့နယ်ပေါင်း (၂၀) မှ မဲရုံပေါင်း (၁၁၂) ရုံကို ကာလရှည် စောင့်ကြည့်လေ့လာသူ (၁၈) ဦး နှင့် ကာလတို စောင့်ကြည့်လေ့လာသူ (၁၈၀) ဦး တို့ဖြင့် (၂၀၁၇) ဖေဖော်ဝါရီလမှ စတင် စောင့်ကြည့်လေ့လာခဲ့ပါသည်။

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက် ကြားဖြတ်ရွေးကောက်ပွဲဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ စိတ်ပါဝင်စားမှုကို သိသာစွာ မမြင်ရသော်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးအခြေအနေအရ ကိုယ်စားလှယ်များ ရွေးချယ်ရန် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သော ကျေးသီးနှင့် မိုင်းရှူး မြို့နယ်ရှိ မဲဆန္ဒရှင်များအတွက်မူ အရေးပါသော အခွင့်အရေးတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်များတွင် လစ်လပ်နေရာစုစုပေါင်း (၁၉) ဦးရှိပြီး ၄င်းတို့အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး (၁) နှစ်၊ (၄) လအကြာ (၁.၄.၂၀၁၇) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ၄င်းလစ်လပ်လွှတ်တော်ကိုယ်စားလှယ်များတွင် ပြည်သူ့လွှတ်တော်မှ (၉) ဦး၊ အမျိုးသားလွှတ်တော်မှ (၃) ဦးနှင့် တိုင်းနှင့်ပြည်နယ်လွှတ်တော်မှ (၇) ဦးတို့ပါဝင်ပါသည်။ (အဆိုပါလစ်လပ်နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို တိုင်းဒေသကြီး/ပြည်နယ် (၈) ခုမှ မြို့နယ် (၂၂) မြို့နယ်တွင် မဲရုံပေါင်း (၂၀၀၀) ဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ လစ်လပ်မဲဆန္ဒနယ် (၁၉) နေရာအတွက် နိုင်ငံရေးပါတီ (၂၅) ပါတီ မှ ဝင်ရောက် ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း (၉၆) ဦးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း (၁၇)ဦး ကိုယ်စားလှယ်လောင်း စုစုပေါင်း၏ (၁၇.၇%) ရှိပါသည်။ (၂၀၁၅) အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းပါဝင်မှုသည် (၁၃.၂%) သာရှိခဲ့သဖြင့် တိုးတက်လာသည်ဟု ဆိုနိုင်သည်။

ကြားဖြတ်ရွေးကောက်ပွဲသည် လွှတ်တော်တွင်းနှင့် နိုင်ငံရေးဖြစ်စဉ်တွင် သိသာထင်ရှားသည့် နိုင်ငံရေးအပြောင်းအလဲကို မဖြစ်ပေါ်စေနိုင်ဟု ယူဆကြသဖြင့် မဲဆန္ဒရှင်များ၏ စိတ်ဝင်စားမှုအားနည်းပြီး နိုင်ငံရေးပါတီများအကြားယှဉ်ပြိုင်မှုမှာလည်း အားကောင်းခဲ့ခြင်းမရှိကာ ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု နှင့် နိုင်ငံတကာမှ စိတ်ပါဝင်စားမှု ထောက်ပံ့အားပေးကူညီမှု မှာလည်း လျော့ကျခဲ့သည်။

ယခု ကနဦးတွေ့ရှိချက်များသည် (၁.၂.၂၀၁၇) နေ့၊ ည (၈း၀၀) အချိန်အထိ အစီအရင်ခံထားသော မဲရုံများ၏ သတင်းအချက်အလက်များကို အခြေခံ၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။

## (၂) စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

ဒါန-ရှေ့ဆောင် မြန်မာ ၊ ငြိမ်းချမ်းမျှတ လူမှုအဖွဲ့အစည်း နှင့် အောက်ချင်းလူမှုအဖွဲ့အစည်းတို့သည် အမျိုးသားလွှတ်တော်တွင် လစ်လပ်လွှတ်တော်မဲဆန္ဒနယ် (၃)နေရာ၊ ပြည်သူ့လွှတ်တော် လစ်လပ်လွှတ်တော်မဲဆန္ဒနယ် (၉) နေရာ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် လစ်လပ်လွှတ်တော်မဲဆန္ဒနယ် (၇) နေရာတို့ကိုစောင့်ကြည့်လေ့လာခဲ့ပါသည်။ ကာလရှည်လေ့လာစောင့်ကြည့်သူ (၁၈) ဦးနှင့် ကာလတိုလေ့လာစောင့်ကြည့်သူ (၁၈၀) ဦးတို့ကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များမှ ဒေသခံများကို ရွေးချယ်လေ့ကျင့်ပေးကာ စောင့်ကြည့်လေ့လာစေခဲ့ပါသည်။

မြို့နယ်တစ်ခုတွင် ကာလရှည်စောင့်ကြည့်လေ့လာသူ (၁) ဦးနှုန်းဖြင့် ရွေးကောက်ပွဲအကြို လုပ်ငန်းစဉ်များဖြစ်သော ရွေးကောက်ပွဲအသိပညာပေးခြင်း၊ မဲဆန္ဒရှင်စာရင်းကပ်ထားခြင်း၊ ရွေးကောက်ပွဲ မဲဆွယ်ခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းပိုင်းဆိုင်ရာစီမံခန့်ခွဲခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲဆွယ်စည်းရုံးမှုရပ်နားခြင်း အစရှိသည့် ကဏ္ဍများကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

တစ်မြို့နယ်လျှင် ပျမ်းမျှ မဲရုံ (၅) ရုံနှုန်းဖြင့် စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး အဆိုပါ မဲရုံများကို ကျေးလက်ဒေသ၊ မြို့ပြဒေသ၊ လူနည်းစုတိုင်းရင်းသားဒေသ၊ အထူးမဲရုံ (ဥပမာ တပ်တွင်းမဲရုံ) အစရှိသည့် အချက်အလက်များနှင့် ရွေးချယ်ခဲ့ပါသည်။

ရွေးကောက်ပွဲနေ့ စောင့်ကြည့်ရာတွင် ယေဘုယျအားဖြင့် မဲရုံတစ်ရုံလျှင် ကာလတိုစောင့်ကြည့်လေ့လာသူ (၂) ဦးနှုန်း(တချို့မဲရုံများတွင် (၁) ဦးနှုန်း) ဖြင့် မြို့နယ်ပေါင်း (၂၀) မြို့နယ်မှ မဲရုံ (၁၁၂) ရုံကို စောင့်ကြည့်ခဲ့ပါသည်။ အဆိုပါကာလတိုစောင့်ကြည့်လေ့လာသူများကို မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်၊ မဲရေတွက်ခြင်းနှင့် မဲရုံပိတ်သိမ်းခြင်းတို့ကို စောင့်ကြည့်လေ့လာစေခဲ့ပါသည်။

ရွေးကောက်ပွဲနေ့တွင် ကာလရှည်စောင့်ကြည့်လေ့လာရေးသမားများကို မိမိ မဲဆန္ဒနယ်အတွင်းရှိ ဦးတည် မဲရုံများတွင် ရွေ့လျားပုံစံဖြင့် လှည့်လည် စောင့်ကြည့်စေပြီး ညနေ (၄း၀၀) မှစ၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲများ ရေတွက်ခြင်းကို စောင့်ကြည့်စေခဲ့ပါသည်။

ယခင်က ချမှတ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ် ကြေညာချက်တွင် အမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များမှမဲဆန္ဒနယ်များ မပါဝင်ချေ။ သို့သော် စောင့်ကြည့်လေ့လာမှု၏ လွှမ်းခြုံနိုင်မှုကို ပိုမိုအားကောင်းလာစေရန်နှင့် လုံခြုံရေးရေးအရ ပြဿနာဖြစ်နိုင်ချေများကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာ စောင့်ကြည့်လေ့လာနိုင်ရန် ဒါန-ရှေ့ဆောင်မြန်မာ ၊ ငြိမ်းချမ်းမျှတလူမှု အဖွဲ့အစည်း နှင့် အောက်ချင်းလူမှုရေးအဖွဲ့ တို့သည် အဆိုပါ မဲဆန္ဒနယ်များကို ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်လေ့လာရန် ကာလရှည်စောင့်ကြည့်လေ့လာသူ (၅) ဦးနှင့် ကာလတို စောင့်ကြည့်လေ့လာသူ (၄၆) ဦး ထပ်မံတိုးချဲ့ခဲ့ပါသည်။

## (၃) တွေ့ရှိချက်များ

### (၃ - ၁) ရွေးကောက်ပွဲအကြိုတွေ့ရှိချက်များ

#### (၃ - ၁ - ၁) မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့်ပက်သက်၍ စောင့်ကြည့်လေ့လာခြင်း(မြို့နယ်အဆင့်)

မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များကို အဓိကအားဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အရပ်ဖက် အဖွဲ့အစည်းများက အဓိက ပြုလုပ်သည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဗီနိုင်းများကပ်ထားခြင်းနှင့် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်း နည်းလမ်းများကို အများဆုံး အသုံးပြုပါသည်။ အရပ်ဖက်အဖွဲ့အစည်းများကမူ ဟောပြောပွဲများပြုလုပ်ခြင်း၊ ရပ်ရွာများတွင် မဲဆန္ဒရှင် အသိပညာပေးသင်တန်းများ ပြုလုပ်ခြင်းနှင့် လက်ကမ်းစာစောင်များ မျှဝေခြင်း စသည့် နည်းလမ်းများကို အများဆုံးအသုံးပြုသည်ကို တွေ့ရပါသည်။ နိုင်ငံရေးပါတီများကလည်း ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် မဲဆန္ဒရှင်အသိပညာပေးမှုများ ထည့်သွင်းပြုလုပ်သော်လည်း နည်းပါးသည်ကို တွေ့ရပါသည်။ အဆိုပါ မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းစဉ်များသည် မြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာ အနည်းငယ်ကိုသာ လွှမ်းခြုံနိုင်ခြင်းရှိသည်ကို တွေ့ရပါသည်။

လူနည်းစုတိုင်းရင်းသားဒေသများတွင်မူ ဒေသခံတိုင်းရင်းသား ဘာသာစကားအချို့ကိုသာ အများစုအသုံးပြုကြပြီး ဗမာစကားနှင့် အခြားတိုင်းရင်းသား ဘာသာစကားများကိုလည်း လိုအပ်သလို အသုံးပြုကြသည်ကိုတွေ့ရပါသည်။ သို့သော်လည်း မဲပေးစို့ဟူသည့် စကားကိုသာ တိုင်းရင်းသားဘာသာစကားအချို့ ဖြင့် ပြန်ဆိုထားပြီး မည်သည့်အတွက် မဲပေးရမည်ကို တိုင်းရင်းသားဘာသာများနှင့် ရှင်းလင်းရေးသားဖော်ပြထားခြင်းမရှိပါ။ ဥပမာ- ရှမ်းပြည်နယ်တွင် ရှမ်း၊ လားဟူ၊ အခါ စသည့် အခြားတိုင်းရင်းသား ဘာသာစကားများလည်းရှိပြီး ထိုဘာသာစကားများဖြင့် ရေးသားထုတ်ဝေရန်လိုအပ်ပါသည်။

#### (၃ - ၁ - ၂) မဲစာရင်းကပ်ထားကြေညာခြင်းနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း (မဲရုံအဆင့်)

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် (၂.၁) သန်းခန့်ရှိသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားပါသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအများစုသည် ကနဦးမဲဆန္ဒရှင်စာရင်းကို ကြိုတင်ကြေညာထားသည့်ရက်တွင် ကပ်ကြပါသည်။ အပြီးသတ် မဲဆန္ဒရှင်စာရင်းကိုမူ သတ်မှတ်ရက်တွင် မြို့နယ်အနည်းငယ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင်သာ ကပ်ထားကြပြီး အချို့ကျေးရွာများတွင် ကပ်ထား ခြင်းမရှိသည်ကို တွေ့ရပါသည်။

မသန်စွမ်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများ မဲစာရင်းမှတ်ပုံတင်ရာတွင် အဆင်ပြေရန် သီးသန့်စီစဉ်ထားခြင်း မရှိသော်လည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အလျင်းသင့်သလို ကူညီခြင်းများ ရှိသည်ကို တွေ့ရပါသည်။

#### (၃ - ၁ - ၃) မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း

မဲဆွယ်စည်းရုံးခြင်းကာလမှာ (၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှစတင်၍ မတ်လ (၃၀) ရက်နေ့အထိ ရက်ပေါင်း (၆၀) တိတိဖြစ်သည်။ မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းထားရှိပြီး အဆိုပါ ကော်မတီများသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းအဆင့်ဆင့်တွင် ဖြစ်ပွားသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ပေးရန်ဖြစ်သည်။

စောင့်ကြည့်လေ့လာသည့် မဲဆန္ဒနယ်များ၌ ပါတီများ၏ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်မှုမြင့်မားသည်ကို တွေ့ရသော်လည်း စေ့စပ်ညှိနှိုင်းရေးကော်မတီများတွင်မူ အမျိုးသမီးပါဝင်မှု အလွန်နည်းသည်ကိုလည်း တွေ့ရပါသည်။

လူနည်းစု တိုင်းရင်းသားဒေသများရှိ ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များတွင်မူ အများစုကို ဒေသခံ တိုင်းရင်းသားများနှင့် ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရပါသည်။

မြို့နယ်အချို့တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး၏ မဲဆွယ်စည်းရုံးမှုဆိုင်ရာ အစီအစဉ်များကို ကူညီ ညှိနှိုင်းရေးဆွဲပေးသည်ကို တွေ့ရပါသည်။ အဆိုပါမြို့နယ်များတွင် ပါတီအများစုသည် စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် ညှိနှိုင်းထားသည့်အတိုင်း မဲဆွယ်စည်းရုံးကြသည်ကို တွေ့ရပြီး ပြဿနာတစ်စုံတစ်ရာ မတွေ့ရပါ။ သို့သော်လည်း အချို့သော ဒေသ များတွင် စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် ပက်သက်သော အကြောင်းအရာ ဖွဲ့စည်းပုံ ၊မည်သူတို့ပါဝင်သည်ကို ပင် ပါတီများက မသိရှိကြပါ။

## (၃ - ၁ - ၄) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာသည့် မဲဆန္ဒနယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း မဲရုံဂန်ထမ်းများတွင်မူ အမျိုးသမီးပါဝင်မှုများသည်ကိုတွေ့ရပါသည်။ မသန်စွမ်းများ ပါဝင်မှုမှာမူ မရှိသလောက် နည်းပါးသည်ကို တွေ့ရပါသည်။

လူနည်းစုတိုင်းရင်းသားဒေသများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံဂန်ထမ်းများတွင်မူ တိုင်းရင်းသားများကို အများစုထည့်သွင်းဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အချို့ကို အရေးပေါ် ခန့်အပ်လိုက်သည့် ဖြစ်ရပ် အနည်းငယ်လည်း ရှိပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ခွဲများအား သင်တန်းပေးသောရက်မှာ တိုတောင်းပြီး လုပ်ငန်းလမ်းညွှန်နှင့် ဥပဒေများကို နားလည်နိုင်ရန် လုံလောက်မှု မရှိသည်ကိုလည်း တွေ့ရပါသည်။ သို့သော် မဲရုံဂန်ထမ်းများကိုမူ (မဲရုံမှူးနှင့် ဒုမဲရုံမှူးများ) သင်တန်းများ လုံလောက်စွာပေးသည်ကို တွေ့ရပါသည်။

## (၃ - ၁ - ၅) ကြိုတင်မဲပေးခြင်းအား စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခဲ့သည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအားလုံးက မဲဆန္ဒနယ်အတွင်း ကြိုတင်မဲ ပေးရမည့်ရက်ကို ကြိုတင်ကြေညာခဲ့ပါသည်။ ကြိုတင်မဲပေးခြင်းကို မဲရုံများအားလုံးတွင် သတ်မှတ်ရက်တွင်သာ ကျင်းပခဲ့ပါသည်။

ကြိုတင်မဲပေးရာတွင် အများဆုံးကြုံရသည့် အားနည်းချက်မှာ ***လျှို့ဝှက်စွာဆန္ဒပြုနိုင်မှု*** အားနည်းခြင်းဖြစ်သည်။ အဆိုပါ ပြဿနာမှာ ရွေးကောက်ပွဲ ကော်မရှင်အများစု၏ ကြိုတင်မဲပေးခြင်းဖြစ်စဉ်တွင် တွေ့ရသည်။

စောင့်ကြည့်လေ့လာသည့် မဲရုံအများစုတွင် ကြိုတင်မဲပုံးများအတွင်း၌ မည်သည့်အရာမျှမရှိကြောင်းပြသပြီး မဲပုံးများကို လုံခြုံရေးကြိုးများဖြင့် ပိတ်ပါသည်။

## (၃ - ၁ - ၆) မဲဆွယ်စည်းရုံးရပ်နားကာလ Silent Day ကို စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခဲ့သည့်မဲဆန္ဒနယ်များတွင် မတ်လ (၃၀) ရက်ည (၁၂း၀၀) နာရီနောက်ပိုင်း မဲဆွယ် စည်းရုံးသည့်ဖြစ်စဉ်မရှိသလောက်နည်းပါးခဲ့ပါသည်။

## (၃ - ၂) ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာခြင်း

### (၃ - ၂ - ၁) မဲရုံဖွင့်ချိန်တွင် မဲရုံပရဟိုက်နှင့် မဲရုံအတွင်းပြင်ဆင်မှုအား စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံ (၁၁၂) ရုံအနက် မဲရုံ (၉၂%) သည် လေ့လာစောင့်ကြည့်သူများအား မဲရုံမဖွင့်မီ ဝင်ရောက်ကာ စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ပြီး ကျန် (၈%) မှာမူ ထိုသို့စောင့်ကြည့်လေ့လာနိုင်ရန် အခက်အခဲများ ကြုံခဲ့ရပါသည်။

(၉၆%) သော မဲရုံများသည် သတ်မှတ်ထားသည့်အချိန်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး အစောဆုံးဖွင့်လှစ်သည့် မဲရုံမှာ သတ်မှတ်ချိန်ထက် မိနစ် (၂၀) စောခဲ့ပါသည်။ နောက်အကျဆုံးမဲရုံမှာ သတ်မှတ်ချိန်ထက် (၁) နာရီ နောက်ကျခဲ့ပါသည်။

စောင့်ကြည့်လေ့လာသည့် မဲရုံများ၏ (၈၈%) သည် ဘက်မလိုက်သော နေရာတွင် တည်ရှိပါသည်။ (၈၁%) သော မဲရုံများသည် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင် နာမကျန်းသော မဲဆန္ဒရှင်များ လာရောက်မဲပေးရန် အဆင်ပြေလွယ်ကူအောင် ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ မဲစာရင်းပုံစံ (၁) ကပ်ထားသော မဲရုံ (၈၈%) ရှိပြီး ကြိုတင်မဲပေးပြီးသူများစာရင်းပုံစံ (၁၃) ကပ်ထားသောမဲရုံ (၈၆%) ရှိပါသည်။

မဲရုံများအနက် (၂%) တွင် ဒုတိယမဲရုံမှူးမရှိခြင်း၊ (၃%) တွင် မဲရုံလုံခြုံရေးမရှိခြင်း၊ (၁၀%) တွင် လက်ဗွေနှိပ်ရန်မင်ခံခွက် မရှိခြင်း၊ (၁၅%) တွင် ကြိုတင်မဲများ အချိန်မီရောက်မလာခြင်း၊ (၈%) တွင် မဲပုံးအတွင်း၌ မည်သည့်အရာမျှ မရှိသည်ကို ပြသမှုမရှိခြင်း၊ (၈%) တွင် မဲပုံးများကို လုံခြုံရေးကြိုးဖြင့် လေးဖက်လေးတန် ချိတ်ပိတ်ထားမှုမရှိခြင်းနှင့် (၅၁%) တွင် မဲရုံဝန်ထမ်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမှတ်တံဆိပ်ပါ ဝတ်စုံများ ဝတ်ဆင်ထားမှု မရှိခြင်းတို့ကို တွေ့ရှိခဲ့ရပါသည်။

### (၃ - ၂ - ၂) မဲပေးခြင်းဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံစုစုပေါင်း၏ (၄၃%) ရှိ မဲရုံလုံခြုံရေးဝန်ထမ်းများသည် မဲပေးရန်လာရောက်သူကို မင်တို့ထားခြင်းရှိမရှိ အမြဲတမ်း စစ်ဆေးပြီး (၁၉%) သည် အများစုကို စစ်ဆေးပါသည်။ မဲရုံ (၁၆%) မှာမူ မင်တို့ထားခြင်းရှိမရှိ တစ်ခါတစ်ရံမှသာ စစ်ဆေးပြီး ကျန် (၂၂%) သည် လုံးဝ စစ်ဆေးခြင်းမရှိပါ။

မဲရုံတွင် မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်သူများ အဆင်ပြေစွာ မဲပေးနိုင်ရန် မဲရုံ (၅၇%) က အမြဲတမ်းကူညီပြီး၊ (၃၁%) က အများစု၊ (၁၁%) က တစ်ခါတစ်ရံ နှင့် (၁%) မှာ လုံးဝကူညီခြင်းမရှိပါ။

မဲလက်မှတ်များတွင် မဲရုံမှူးက အမြဲတမ်း လက်မှတ်ထိုးပေးထားသည့် မဲရုံ (၉၇%) ရှိပြီး အများစုလက်မှတ်ထိုးထားသည် ဟု တွေ့ရသော မဲရုံ (၃%) သာတွေ့ပါသည်။

မဲဆန္ဒရှင်များ အမြဲတမ်း လျှို့ဝှက်စွာ ဆန္ဒပြုခွင့်ရအောင် စီစဉ်ထားသည့် မဲရုံ (၈၁%) ရှိပြီး အများစုကိုသာ လျှို့ဝှက်စွာဆန္ဒပြုစေနိုင်သည့် မဲရုံ (၁၆%) ရှိပါသည်။ ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်အားလုံး၏ လက်ကို မင်တို့အမှတ်အသားပြုသော မဲရုံ (၉၆%) ရှိပါသည်။

မဲဆန္ဒရှင်အထောက်အထားမပါရှိခြင်း (သို့မဟုတ်) အချက်အလက်များ မကိုက်ညီခြင်း ဖြစ်ခဲ့သည့် မဲရုံ (၃၀%) ရှိပါသည်။ သူတစ်ပါးအယောင်ဆောင် မဲပေးသည်ဟု ကန့်ကွက်သည့် ဖြစ်ရပ်များ မဲရုံစုစုပေါင်း၏ (၁%) တွင်သာ ရှိခဲ့ပါသည်။

စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံများ၏ (၁၃%) တွင် ညနေ (၄) နာရီတွင် တန်းစီခြင်းမရှိပဲ မဲပေးခွင့်ရှိသူများ ရှိနေပါသည်။ ရွေးကောက်ပွဲ၏ ကဏ္ဍပေါင်းစုံကို ပြည့်စုံလုံလောက်စွာ စောင့်ကြည့်လေ့လာခွင့်ရသည့်မဲရုံ (၉၀%) ရှိခဲ့ပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ရှိနေသည့် မဲရုံ (၉၈%) ရှိပါသည်။

### (၃ - ၂ - ၃) မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ်အား စောင့်ကြည့်လေ့လာခြင်း

မဲရေတွက်ခြင်းကို အခြားအသိသက်သေ အနည်းဆုံး (၁၀) ဦးရှေ့မှောက်တွင် ပြုလုပ်သည့် မဲရုံ (၈၉%) ရှိပါသည်။ မဲပုံးများကို သက်သေများရှေ့တွင် လုံခြုံရေးကြိုးပိတ်၏ထားသည့် အခြေအနေအတိုင်း ရှိကြောင်း ပြသပြီးသည့် မဲရုံ (၉၆%) ရှိပါသည်။ မဲများကို ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီအတွက် ရေတွက်ရာတွင် မဲလက်မှတ်တစ်စောင်ချင်းစီအား သက်သေများကို ပြသပြီးမှ ပယ်မဲ (သို့မဟုတ်) ခိုင်လုံမဲဖြစ်ကြောင်း ကြေညာရေတွက်သည့်မဲရုံ (၉၇%) ရှိပါသည်။

လွှတ်တော်တစ်ရပ်ချင်းစီ၏ မဲရလဒ်ကြေညာချက်ပုံစံ (၁၆) ကို သက်ဆိုင်ရာ မဲရုံရှေ့တွင် ကပ်ထားသည့် မဲရုံ (၈၆%) ရှိပြီး (၁၄%) မှာ ကပ်ထားခြင်းမရှိပါ။

### (၃ - ၂ - ၄) တစ်နေ့တာ စောင့်ကြည့်လေ့လာမှုအပေါ် လေ့လာစောင့်ကြည့်သူ၏ ခြုံငုံ သုံးသပ်ချက်ရလဒ်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ဆောင်ချက်များအပေါ် လုပ်ငန်းလမ်းညွှန်အရ ကောင်းမွန် ပြည့်စုံသည်ဟု မှတ်ချက်ပေးသော စောင့်ကြည့်လေ့လာသူ (၂၃%) ၊ ကောင်းသည် ဟုမှတ်ချက်ပြုသူ (၆၇%) နှင့် လိုအပ်မှုရှိသည်ဟု မှတ်ချက်ပြုသူ (၁၀%) ရှိပါသည်။

မဲရုံဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအပေါ် ကောင်းမွန်ပြည့်စုံသည်ဟု မှတ်ချက်ပေးသော စောင့်ကြည့်လေ့လာသူ (၃၂%)၊ ကောင်းသည်ဟုမှတ်ချက်ပြုသူ (၅၉%) နှင့် လိုအပ်မှုရှိသည်ဟု မှတ်ချက်ပြုသူ (၉%) ရှိပါသည်။

မဲရုံအပြင်အဆင်နှင့်ပက်သက်၍ ကောင်းမွန်ပြည့်စုံသည်ဟု မှတ်ချက်ပေးသော စောင့်ကြည့်လေ့လာသူ (၂၂%)၊ ကောင်းသည်ဟုမှတ်ချက်ပြုသူ (၆၁%) နှင့် လိုအပ်မှုသည်ဟု မှတ်ချက်ပြုသူ (၁၇%) ရှိပါသည်။

## (၄) အနှစ်ချုပ် သုံးသပ်ချက်

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ကနဦးတွေ့ရှိချက်များအရ မဲစာရင်း၊ မဲဆွယ်စည်းရုံးသည့်ကာလနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှုများသည် လက်ရှိ ကြားဖြတ်ရွေးကောက်ပွဲတွင် တိုးတက်လာသည်ဟုကောက်ချက်ချနိုင်သော်လည်း ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲကော်မရှင်နှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအကြား လုပ်ငန်းဆောင်ရွက်မှု တပြေးညီမဖြစ်ခြင်းနှင့် ချိတ်ဆက်မှု အားနည်းခြင်း တို့ကိုလည်း တွေ့မြင်ရပါသည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အဓိက နိုင်ငံရေးပါတီကြီးများ၏ စိတ်ဝင်စားမှု အားနည်းသည်ကိုတွေ့ရသော်လည်း ဒေသခံအရပ်ဖက်အဖွဲ့အစည်းများနှင့် လူနည်းစုတိုင်းရင်းသား ပါတီများကမူ ယခင်ထက် အရှိန်အဟုန်အားကောင်းသည့် လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်ကိုလည်း တွေ့မြင်ရပါသည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများ၏ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းစဉ်များကို တွေ့မြင်ရသော်လည်း မဲဆန္ဒနယ်အတွင်းရှိ မြို့ပြနှင့်

ကျေးလက်ဒေသများအားလုံးကို လွှမ်းခြုံနိုင်ခြင်းမရှိသဖြင့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနှင့်ပက်သက်သည့် သတင်းအချက်အလက်များကို လုံလောက်စွာရရှိခဲ့ခြင်းမရှိဟု ဆိုနိုင်ပါသည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင် အမျိုးသမီးများ ပါဝင်မှုကို အလေးထားဆောင်ရွက်မှုများကိုတွေ့ရသည့်အပြင် ရရှိထားသည့် အချက်အလက်များအရ အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ ပိုမိုအားကောင်းလာသည်ကို တွေ့ရပါသည်။

ရွေးကောက်ပွဲနေ့တွင်လည်း မဲရုံဖွင့်သည့်အခြေအနေ၊ မဲပေးသည့်ဖြစ်စဉ်၊ မဲရုံပိတ်သိမ်းခြင်းနှင့် မဲရေတွက်ခြင်းများသည် လိုအပ်ချက်အချို့ရှိနေသေးသည်ဟု ကောက်ချက်ချနိုင်သော်လည်း အများစုမှာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရပါသည်။

အချုပ်အားဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် အဆင်ပြေချောမွေ့စွာ ပြီးဆုံးခဲ့ပါသည်။ နောက်နောင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပြည့်စုံမှန်ကန်သောမဲဆန္ဒရှင်စာရင်း၊ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်း ဆောင်ရွက်ပုံ နှင့် ရွေးကောက်ပွဲ ဥပဒေမူဘောင်တို့ကို လေ့လာ ဆန်းစစ်ကာ ဆက်လက် ထိန်းသိမ်းသွားရမည့် ကိစ္စရပ်များစွာ ကျန်ရှိနေပါသေးသည်။

**ဆက်သွယ်ရန်:**

**မရွှေရည်ဝင်း (၀၉-၉၇၉၀၁၇၀၈၇၊** shweyee@peaceandjusticemm.org**)၊**

**ကိုချမ်းငြိမ်းအောင် (၀၉-၂၅၄၂၇၆၅၈၉၊** chanzin77@gmail.com**)၊**

**ကိုချန်လျန် (၀၉-၄၂၀၁၀၅၁၆၂၊** hornbillorg@gmail.com**)**